## 1 အလုပ်အကိုင် ရှာဖွေခြင်း

### (3) အလုပ်လုပ်ကိုင်ခွင့်မရှိသော နေထိုင်ခွင့်အတွက် နေထိုင်ခွင့်ပြင်ပလှုပ်ရှားဆောင်ရွက်မှုခွင့်ပြုချက်

နေထိုင်ခွင့်အမျိုးအစား "ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု" ၊ "ကာလတိုနေထိုင်ခြင်း" ၊ "ပညာတော်သင်"၊ "သင်တန်း" နှင့် "မှီခို" ဖြစ်သူများသည် ဂျပန်နိုင်ငံအတွင်းတွင် ဝင်ငွေရရှိသော စီးပွားရေးလုပ်ငန်းကို စီမံခန့်ခွဲခြင်းနှင့် အခကြေးငွေရရှိသော လုပ်ကိုင်ဆောင်ရွက်မှုကို ပြုလုပ်ခြင်းကို ခွင့်မပြုထားသောကြောင့် ဤနေထိုင်ခွင့်ကို ရရှိထားသူသည် အလုပ်လုပ်ကိုင်လိုသော အခါ ရှေးဦးစွာ ဒေသဆိုင်ရာလူဝင်မှုကြီးကြပ်ရေးရုံးစသည်တွင် နေထိုင်ခွင့်ပြင်ပ လှုပ်ရှားဆောင်ရွက်မှု ခွင့်ပြုချက် ရယူရန် လိုအပ်ပါသည်။ သို့သော် နေထိုင်ခွင့်ပြင်ပလှုပ်ရှားဆောင်ရွက်မှုခွင့်ပြုချက်သည် မိမိ၏ နေထိုင်ခွင့်နှင့် အကြုံးဝင်သော လှုပ်ရှားဆောင်ရွက်မှုကို မထိခိုက်စေနိုင်သောဘောင် အတွင်းတွင်သာ ခွင့်ပြုပေးခံရမည်။

| လိုအပ်သော စာရွက်စာတမ်း | လျှောက်ရန် နှင့် စုံစမ်းရန်နေရာ | အချိန် | စရိတ် |
|---|---|---|---|
| 1။ နေထိုင်ခွင့် ပြင်ပလှုပ်ရှားဆောင်ရွက်မှု ခွင့်ပြုချက်လျှောက်လွှာပုံစံ<br>2။ နေထိုင်ခွင့် ပြင်ပလှုပ်ရှား ဆောင်ရွက်မှု ခွင့်ပြုချက်ရရှိပြီး ဆောင်ရွက်မည့် လှုပ်ရှားမှု အကြောင်းကိုရှင်းပြသည့် စာရွက်စာတမ်း<br>3။ နိုင်ငံကူးလက်မှတ်<br>4။ နေထိုင်ခွင့် ကတ်ပြား<br>စသည့် | လျှောက်ရန်နေရာ။ ။မိမိနေထိုင်ရာ ဒေသဒေသ၏ ဒေသဆိုင်ရာလူဝင်မှု ကြီးကြပ်ရေး ဌာနရုံး<br>စုံစမ်းရန်နေရာ။ ။ဒေသဆိုင်ရာ လူဝင်မှု ကြီးကြပ်ရေးဌာနရုံး ထို့အပြင် နိုင်ငံခြားသား နေထိုင်ခွင့် အထွေထွေ သတင်း အချက် အလက်စင်တာ | နေထိုင်ခွင့် ပြင်ပ လှုပ်ရှားဆောင်ရွက်မှု လုပ်လိုသောအခါ | အခမဲ့ |

"ပညာတော်သင်"နေထိုင်ခွင့်ကို ရရှိထားသူများသည် အထွေထွေနေထိုင်ခွင့်ပြင်ပ လှုပ်ရှားဆောင်ရွက်မှုခွင့်ပြုချက်ကို ရယူပြီးနောက်တွင် အချိန်ပိုင်း အလုပ်လုပ်ကိုင်နိုင်သော အလုပ်ချိန်သည် သတ်မှတ်ချက်အရ တစ်ပတ်တွင် ၂၈ နာရီအတွင်း (ကာလရှည်ကျောင်းပိတ်ရက်တွင် တစ်နေ့လျှင် ၈ နာရီအထိ) ဖြစ်သည်။ (B နေထိုင်ခွင့် ၂-၆ နေထိုင်ခွင့် ပြင်ပလှုပ်ရှားမှု ခွင့်ပြုချက်ကို ကြည့်ပါ။)